မင်းကင်းမြ

# ရှေဘကျားဘုရားသမိုင်း

၃၃၅၄

အလောင်းစည်သူမင်းတရား တည်ထား
တော်မူခဲ့သော

# မင်းကင်းမြို့

# ရွှေစကားဘုရားသမိုင်း

★


ဦးသီဟသဒ္ဓမ္မရံသီ

မင်းကင်း (၃) မြို့ ဂိုဏ်းချုပ်ဆရာတော်။



မဟာမင်းကျောင်းတိုက် မော်လိုက်ခရိုင် အထက်ချင်းတွင်း။
၁၃၂၃-ခုနှစ်၊ သီတင်းကျွတ်လ။

Printed and Published by
U Hla Din,
The National Printing Works,
241, Lower Kemmendine Road, Rangoon.



မင်းကင်းမြို့ ရွှေစကားဘုရားပုံတော်။

# နိဒါန်း

မင်းကင်းမြို့ ရွှေစကားမြတ်စွာဘုရား၏ သမိုင်းစာကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ရဟန်းရှင်လူတို့ သိကြစေခြင်းငှာ၎င်း၊ ဗုဒ္ဓဂုဏ်ကို ယုံကြည်သက်ဝင်သူတို့လည်း ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝကောင်းကျိုးချမ်းသာတို့ကိုမုချခံစားပြည့်စုံစေပြီးမှ အဆုံးတိုင် မသေရာအမတရွှေပြည်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ကြစေ အကျိုးငှာ၎င်း၊ တန်ခိုးတော်သခင် ရေဆန်ရွှေစကား မြတ်ဘုရား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို သာဓကနှင့်တကွ ပြည့်ပြည့်စုံစုံ ရေးသားပါလျှင် အလှန်သင့်တော် လျောက်ပတ်မည်ဟု ရန်ကုန်မြို့ ရှစ်မိုင် တံတားကလေး စိတ္တဇဆေးရုံအနီး နာဂလိုဏ်ဂူ ကလေးဝတောကျောင်း ဆရာတော်ဘုရားကြီးက မင်းကင်းမြို့ မဟာမင်းကျောင်း ဆရာတော်ဘုရားကြီး ထံသို့ စာနှင့်အခါခါ၊ နှုတ်ဖြင့် အထပ်ထပ် တိုက်တွန်းသောကြောင့် မဟာမင်းကျောင်း ဆရာတော်ကြီး ဦးသီဟက ၎င်းရွှေစကား သမိုင်းကို ဖူးစကက်ရှယ် ၁၇-ရွက် တမျက်နှာအပြည့်စီ ရေး၍ ကျွန်ုပ်တို့ထံသို့ ပေးပို့လိုက်သဖြင့် ၎င်းစာမူများကို ရန်ကုန်မြို့ အလုံရပ် အမျိုးသားစာပုံနှိပ်တိုက်၌ ကောင်းမွန်စွာ ပုံနှိပ်အပ်ပါသည်။ ၎င်းရွှေစကားမြတ်စွာဘုရားသည် သာမန်ရုပ်ပွားတော် မဟုတ်ပေ။ (လှည်းဝင်ရိုးသံ တညံညံ) ပုဂံဘုရားပေါင်း (ညိုးညိုးညံညံ) ပုဂံဆော်သည့်မောင်း (ဝါဝါဝင်းဝင်း) ပုဂံ ရေချိုးဆင်း (ကြာအိုးကံ)ပုဂံသက္ကရာဇ် (ရွှေကြာအိုး) ပုထိုး စည်းခုံတည်း (ရွှေပွင့်ကြာ) နန္ဒာစိန္တေသည်ဟူ၍ နေလအသွင် ကဲ့သို့ သာသနာ ဘာသာရောင်ခြည်တို့သည် ပုဂံပြည်ကြီး၌

ပြန့်နှံ့စွာ ဖိတ်သွန်ခဲ့လေသည်။ ၎င်းသာသနာ ဘာသာများကို လက်မှန်မဆွ ပေးသွားသူတို့ကား သီလဗုဒ္ဓိခေါ် ရှင်အရဟံနှင့် အနုရုဒ္ဓါမည် အနော်ရထာမင်းကြီးပေတည်း။ ထိုမင်းသည်လည်း လူမျိုးတို့၏ စည်းလုံးညီညွတ်ရေး၊ သာသနာ ဘာသာရေးတို့ကို ပြုစုပျိုးထောင်သွားကြောင်း ရာဇဝင်က သက်သေပြခဲ့လေသည်။ တဖန် အနော်ရထာမင်းကြီး၏သားတော် ကျန်ရစ်မင်း ထိုကျန်ရစ်မင်း၏မြေးတော် အလောင်းစည်သူ၊ ထိုအလောင်းစည်သူ၏ မြေးတော် အဘိုး၏အမည်ကို ခံယူကာ (နရပတိစည်သူ) ဟူ၍ ခေါ်တွင်ကြောင်း၊ ထိုမင်းနှစ်ပါးတို့၏ လက်ထက် ရွှေစကား မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကို ကိုးကွယ်သည်ဟု ရာဇဝင် အစောင်စောင်၌ လာသည်။ ဘိုးတော်အလောင်းစည်သူနန်းတက် (၄၅၀)-(၄၅၄) မဟာရာဇဝင်ကြီး မှန်နန်းမဟာရာဇဝင်တို့၌ လာသည်၊ မြေးတော်နရပတိကား (၅၃၆)(၅၂၉) မှန်နန်းမဟာ ရာဇဝင် သမန္တစက္ခု ဒီပနီ၌လာသည်၊ ၎င်းရွှေစကား မြတ်စွာ ဘုရားသည် ဘိုးတော်အလောင်းစည်သူအား သိကြားပေးသည့် သရက္ခန် ငါးဆူနှင့် ရှင်ဖြူရှင်လှဘုရား စကားကိုးဆူ၊ မုဋ္ဌောကိုးဆူ ဘုရားတည်သည်ဟုလာသည်။ မြေးတော်နရပတိမှာ လှေတော်သက် နတ်ဦးစကားရွက်ကို ဘုရားကိုးဆူထုလုပ်ခါ ကလေးမြို့တဆူ မင်းကင်းမြို့တဆူဟု အရေအတွက်နှင့် အသေအချာ ရာဇဝင်တို့၌ လာသည်။ ဘိုးတော်မှာ မြို့အမည်နှင့် အသေအချာမလာပေ။ သာမန်သာဆိုသည်။ သို့ရာတွင် မင်းနှစ်ပါးလုံး စကားကိုးဆူ ဒါယကာဖြစ်ကြောင်း လယ်ပြင်ဆင်သွားသကဲ့သို့ ထင်ရှားလှ၏။ ၎င်းဘိုးတော် ကိုးကွယ်သော စကားကိုးဆူမှာ မြေထူးမြို့ကျုံး ထဲက သိကြားဆက်သည့် အသားဖြစ်သည်။ မြေးတော်စကား ကိုးဆူမှာ လှေဦးစကားရွက်ကို ထုလုပ်ကြောင်းလာ၏။ မဟာမင်း

# နိဒါန်း

ကျောင်း ဆရာတော်ဘုရားကြီး၏ လက်ဝယ်ရှိ ပုရပိုက်မူ၌လည်း မင်းနှစ်ပါး ဝတ္ထုကံမြေ လှူဒါန်းပူဇော်ကြောင်း ပါလေသည်။ ၎င်းရွှေစကားမြတ်စွာအား တတိယအကြိမ် ကိုးကွယ်သူကား ဦးကျော်လှ ဒေါ်ဘွေးတော်၊ ၎င်းတို့မှာ မူလပဌမ လက်သမား လုပ်စားကြ၏။ နောက်မှ ရတနာသိုက် အကြီးအကျယ်ရ၍ မင်းနှစ်ဆက်တို့ တည်ခဲ့သော စေတီတော်ကို အုဋ္ဌအင်္ဂတေတို့ဖြင့် မွမ်းမံကာ၍ တဖန်တည်ပြန်သည်။ ဥစ္စာသိုက်တူးရာ၌ အုဋ္ဌလုပ် အုဋ္ဌဆွဲခြင်းကြောင့် ကျင်းကြီး ၂ခု ဖြစ်နေရာ၊ အထက်ကျင်းကို ရွှေစကားအထက်ကန်တော်၊ အောက်ကျင်းကို ရွှေစကား အောက်ကန်တော်ခေါ်၏။ ယခုမူကား အထက်ကန်တော်သာ ထင်ရှား ရှိသည်။ အောက်ကန်တော်မှာ ကန်ဘောင်ကိုဖေါက်၍ ဥယျာဉ်ခြံ မြေဖြစ်နေ၏။ စတုတ္ထသမိုင်း၌ လာသော မြို့ဝန် ဦးမင်းကလေး ပဌမ မြေပိုင်ရှင် မြို့သူကြီး ဦးသောန သူကြီးကတော် ဒေါ်သိန်း တို့ အမွေခံကာ ဆောက်လုပ်သော လေးထပ်အုဋ္ဌစုံ ပန်းပြောက် တပ် ကျောင်းကြီးဟောင်းမင်းသဖြင့် အလျားရှစ်ပင်-ထုပ်-၆ ပင် ၂ ထပ်တိုက်ကြီး၊ တိုက်ဦး သုံးဆောင်တွဲ ပြာသာဒ်ကြီးကို မြေပိုင် ရှင် ဦးထွန်းရောင် ဒေါ်တင့်တို့က ဆောက်လုပ်လှူဒါန်းကြပြန်၏။ တလလျှင် လေးသီတင်း အပူဇော်ခံ၊ တိုက်ဦးတန်ဆောင်းပြာသာဒ် ကြီးတို့သည် နှစ်ကာလရှည်ကြာခြင်းနှင့် ၁၉၄၂ ခု ဒုတိယကမ္ဘာ စစ်၏ဘေးဒဏ်ကို အလူးအလဲ ခံရခြင်းတို့ကြောင့်၊ ယခုအခါအိုမင်း ဟောင်းနွမ်း၍ မြင်ရသူတိုင်းပင် အလွန်ဝမ်းနည်းစရာ ကောင်းလှ ပေ၏တကား။

# နိဒါန်း

ထိုကြောင့် ရေဆန်ရွှေစကားမြွတ်ဘုရား၏ သမိုင်းစာပေကို သုတဂဝေသီပြုလုပ်လိုသူ ရဟန်းရှင်လူများ ဗိုလ်လူတို့အားလွယ်ကူစွာသိနိုင်ကြစေခြင်းငှာရင်း ထိုသိအပ်သိသင့် သိထိုက်သောသုတပညာဖြင့်သဒ္ဓါပသန္နတိုးပွါး၍ ကုသိုလ်ဒါနပြုကြစေခြင်း အကျိုးငှာရင်း တဖန်သဒ္ဓါပသန္နဖြစ်ခါ ကုသိုလ်ဒါနပြုကြသည်နှင့် အညီ နတ်ရွာ နိဗ္ဗာန်သို့လွယ်ကူစွာ တက်လှမ်းနိုင်ကြစေရန် နိဂုံးချုပ်လျက် တိုတ်တွန်းရေးသားပါသတည်း။

လှိုယ်တီ အသျှင်ပဏ္ဍိတ။

နာဂလိုဏ်ဂူ

ကလေးဝတောကျောင်း

ရိပုံဇေယျတု

# ရွှေစကားဘုရားကြီးသမိုင်း

နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

သုနာပရံတမ္ဗဒီပ၊ ဟရိရဉ္စ၊ ကမ္ဗောဇနှင့်၊ ရာမညတိုင်း၊သမိုင်းမော်ကွန်း၊ တောက်ထွန်းထိန်ပ၊ ဝတိန်တမျှသို့၊ ဘုန်းမီးနေလ၊ တရှိန်ရှိန်ကြွပေသော ပေါက္ကာရာမ၊ပြည်ကြီးသခင်၊ ဆင်ဖြူ ဆင်နီတို့၏ အရှင်၊ လေးကျွန်းလုံးသူတို့၏ ဘုရင်ဖြစ်တော်မူသော အလောင်းစည်သူမင်းကြီးသည် ရတနာပုံ၊ တိလောကစန္ဒာ၊ ရာဇကုမ္မာရီ၊ တောင်ပြင်သည် အမည်ရှိသော တောင်ညာစံဒေဝီ မဟေသီမိဖုယားကြီးလေးပါးနှင့်တကွ၊ ၄၅၄–ခုနှစ်တွင် နန်းတက်တော်မူ၍၊ ခရိုင်မြို့ပြဖြစ်စေပြီးမှ သိမ်နှင့်ဘုရား၊ ကျောင်းနှင့်စည်းခုံ၊ ပုထိုးနှင့်ဂူ စသည်တို့ကို ခပ်သိမ်းသော သတ္တဝါအဖေါင်းတို့၏ အစီးအပွါးအလို့ငှါ၊ သာသနာ ၅၀၀၀–တည်ရစ်စေဟူ၍ များစွာတည်ထားတော်မူပြီးမှ နိုင်ငံတော်အစပ်နှင့် သူ့နိုင်ငံအစပ်ကို ကင်းတိုကင်းရှည်ထားဘော်မူပြီး ပေါက္ကာရာမ၌ အစောင့်ထားတော်မူခဲ့၍ မဟာသမုဒ္ဒရာအရပ်၌ အထူးထူးအထွေထွေ ရှုဘွယ်ကြည့်ဘွယ်တို့ကို ကြည့်ရှုတော်မူလို၍ ကိုလေးတော်ရွှေကိုသွန်းသော ဘုရားရုပ်ထုတော်ကို ဆောင်တော်မူပြီးလျှင် ဘိုးတော်အနော်ရထာစောကဲ့သို့ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ အနောက်ဘက်၊နိုင်ငံတော် မြန်မာပြည်အနှံ့အပြား မိဖုယား–မောင်းမမိဿံခြံရံလျက် စစ်အင်္ဂါလေးပါးနှင့်

တကွ တင့်တယ်စမ္ပါယ်စွာ စိတ်အလိုရှိတိုင်း ပြီးစေနိုင်ရောက်စေနိုင်သော စစ်သည် လှေ သည် တော် ကိုးသန်း စီးလောက်သော သင်္ကန်နက် ဘောင်စကြာယာဉ် စီးတော်မူ၍ သာသနာတော်သက္ကရာဇ်(၁၇၂၂)ခု၊ ကောဇာသက္ကရာဇ် (၅၃၁)ခုနှစ်တွင် တိုင်းခွင်နိုင်ငံလှည့်လည်တော်မူ၏။

တိုင်းနိုင်ငံ လှည့်လည်တော်မူသောအခါ၌ ကန်ချောင်း ဆည်မြောင်းပြုစုတော်မူသည်ကားများ၏။ ကျွန်းဦး ဇမ္ဗူ့သပြေပင်သို့လည်း ရောက်တော်မူ၏။ ထိုဇမ္ဗူ့သပြေပင်ရင်း၌ ခုနစ်လတိုင်တိုင် သဘင်ကြီးစွာခံ၍ စံတော်မူသည်။ ထိုအခါ သိကြားမင်းသည်၊ ဤမင်းကား ဘုရားရှင်သာသနာတော်ကို ရှက်ဆောင်ပြုစုသော မင်းဖြစ်သည်ဟူ၍ ဘိသိက် သွန်းလောင်းတော်မူ၏။ အမည်တော်ကိုလည်း ပေးတော်မူ၏။ ပေးတော်မူသောအမည်ကား၊ သိရိတြိဘဝနာဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိနရပတိစည်သူ ဟူသော အမည်ကိုခံရ၏။ ထိုဇမ္ဗူ့သပြေပင်ရင်းမှ သိကြားမင်းပေးအပ်လိုက်သော ရှင်ဖြူရှင်လှဘုရားနှင့်တကွ ၎င်းမှ အပြန်ဘွင် သရက္ခန်ငါးပိုင်း ဘုရားရုပ်ထုတော်တို့ကို ရတော်မူခဲ့၍ ဇမ္ဗူ့သပြေပင်မှ ဘောင်စကြာ ပြန်လည် ဆုတ်နစ်တော်မူပြီးလျှင် ဤဘုရားရုပ်ထုတော်တို့ကို ငါ၏နန်းတော်၌ထား၍ ကိုးကွယ်ခြင်းထက်သာသနာငါးထောင်တိုင်တိုင်ခပ်သိမ်းသောသတ္တဝါ အပေါင်းတို့၏အစီးအပွါးအလို့ငှါ အနှံ့အပြားတည်ထား ကိုးကွယ်တော်မူအံ့ဟု ကြံစည်တော်မူ၍ ရောဝတီမြစ်ညာသို့ ဘောင်စကြာဖြင့် ဆန်တက်တော်မူ၏၊အလောင်းစည်သူမင်းကြီးသည်သိကြားမင်း၏ အသရေကဲ့သို့ ဘောင်စကြာ လှည့်လည်ကြောင်းကို သိလိုမူ မြန်မာရာဇဝင်ကြီး မှန်နန်းတို့တွင် ကြည့်ကြပါကုန်။

ဤကဲ့သို့ ဆန်တက်တော်မူ၍ ကွန်းရွာ၊ ပုခန်း၊ ရှင်တောင်မဆင်ကျိုး၊ စစ်ကိုင်း အစရှိသည်တို့ကို ရှင်ဖြူရှင်လှ သရက္ခန်လေးဆူတို့ကို အစဉ်အတိုင်း တည်ထားကိုးကွယ်တော်မူ၍သရက္ခန်ငါးဆူတွင် တဆူကျန်နေသဖြင့် ပညာရှိအမတ်များနှင့် ကျန်သောဘုရားကို ကိုးကွယ်တည်ထားဘို့ရန် ပုဏ္ဏားဖြူ ပုဏ္ဏားညို၊ ပညာရှိအမတ်တို့နှင့် တိုင်ပင်တော်မူရာ၊ ထိုရောအခါ၌ ပညာရှိအပေါင်းတို့သည်၊ ဤသို့ နားတော်လျှောက်ကြလေ၏။ အရှင်မင်းကြီးရှေးဒါနအကြောင်းကံကြောင့် ကုသိုလ်ဒါနပြုရသည်ကား များလှစွာ၏။သို့သော်လည်း အထက်အညာ၌ပြုရသောကုသိုလ်ကောင်းမှုကား မရှိချေသေး၊အောက်အရပ်၌ပြုရသော ကောင်းမှုကားများလှစွာ၏။ သို့အတွက်ကြောင့် အထက်အညာသို့တက်၍ တည်ထားကိုးကွယ်တော်မူပါဟုနားတော်လျှောက်ကြလေ၏၊ဤသို့နားတော်လျှောက်ကြသည်ကို ကြားရလျှင် ဘဝင်ရွှင်ပျ အားရတော်မူလှ၍သဘောတော် အလွန်ကျသဖြင့်၊ ဘုရားရှင်ရုပ်ထုတော်တို့ကိုဘောင်စကြာပေါ်သို့တင်၍ ပင့်ဆောင်တော်မူပြီးလျှင် အထက်မြစ်ညာသို့ စည်၊ နှဲ၊ ခရာ၊ ပတ်သာ၊ ဒုံမင်း၊ ကြေးနင်း၊ ခွက်ခွင်းစသော တူရိယာငါးပါးတို့ဖြင့် တီးမှုတ်ကုန်လျက် အုတ်အော်ဗျိုမောင်း သောင်းသောင်းဖြဖြ လွမ်းစရာ့ရေယာဉ် ဝေဟင်ရိုက်တီးတော်သံချီးလျက် အပြီးလွမ်းလောက် တေးချင်းကောက်၍တလျှောက်မြစ်ညာ ဆန်တက်လာသော် ရှေးသရောအခါ ငါတို့မြတ်စွာ သုံးလူ့ရှင်ပင် လောကသနင်း တရားမင်းသည် ရွှေခြင်္သေ့မင်း ဖြစ်စဉ်အခါတုံးက ကျက်စားနေထိုင်ပျော်ပါးရာမြစ်လယ်ကျွန်း တောတခုသို့ ဘောင်စကြာ ဆိုက်ရောက်တော်မူလေ၏။

ငင်းကျွန်းကား မဂဓဘာသာဖြင့်"သီဟတော"ဟူ၍ အမည်တွင်၏။ ငင်းသီဟတော၌ သီရိမေဃာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူအပ်သော သီဟတောဘုရားရှိ၏။ ငင်းသီဟတောဘုရားကို မင်းကြီးနှင့်တကွ လေှသည်၊စစ်သည်တော် ကိုးသန်းတို့သည် တောပန်း၊တောင်ပန်း၊ ရေပန်း အခန်းခန်းတို့ဖြင့် ပူးမြှော်ပူဇော်ကြလေ၏။ မိမိ၏ဘောင်စကြာပေါ်တွင် ပင့်ဆောင်ဘော်မူခဲ့သော အဖျားပိုင်း သရက္ခန်ရုပ်ထုတော်ကိုလည်း ငင်းသီဟတောအရပ်တွင်၊ ကိုးကွယ်တည်ထားတော်မူ၏။ ဤကဲ့သို့ကိုးကွယ်တည်ထားတော်မူပြီးလျှင် ပြန်လိုတော်မူသော စိတ်ဆန္ဒတော်မရှိသေးသဖြင့် ဆက်လက်၍ တဖန် ဘောင်စကြာလည်း လည်တော်မူပြန်ရာ၊ မြစ်ညာအထက်ဆန်မတက်ဘဲ တောကြီး ၇ နိုင်အဆိုင်ဆိုင်နှင့် ပြိုင်၍ယှက်သန်း ဟောတောင်လမ်းကို လက်ညှိုးညွှန်ခါ ဘောင်စကြာဖြင့် သာသာယာယာ လေပြေလေညှင်းတကြိုင်ကြိုင်သုတ်သွင်း၍ မြိုင်တွင်းရဂုံ တောပန်းတောင်ပန်းအစုံစုံအခန်းခန်းတို့ဖြင့် တသုံသုံတိုက်ခတ်လာသော ပန်းရနံ့မွှေးကြိုင်စွာတို့နှင့် ထုံမွမ်းလျက် ကျေးငှက်သာရကာ တမာကြက်တောညည်ညတိမန်တွန်မြူး၍ပျော်ကြသောအသံ တရုံမစဲ၊ဂနိုင်ထဲတွင်၊ လွမ်းဘွဲ့အစုံ ဘာသာဘာဝ မြူးပျော်လျက်နေကြသော တောသူတောသား၊ အလေ့အထ ဓလေ့ဘာဝတို့ကိုမြင်ရသောအခါ၊ ထိးနန်းစည်းစိမ်တို့ကိုတောင် မလွမ်းတော့ဘဲ တောတောင်ကိုသာလွမ်းပြီးလျှင် ကြည့်ရှုအာရုံခံ၍ ဘောင်စကြာလှည့်လည်၍လာတော်မူခဲ့ရာ၊ ဘိုးတော်အဋ္ဌနမင်းကြီး ခံတပ်မြို့တည်ထောင် ပြုစုတော်မူသော မြေထူးမြို့သို့ရောက်တော်မူလေ၏။

ထိုသို့ရောက်တော်မူသောအခါ မြေထူးမြို့၏အနီး အရှေ့မြောက်ထောင့် ကုန်းပြောင်ပြောင်တွင် ဘောင်စကြာရပ်တန့်

တော်မူ၍ မင်္ဂလာတပ်ကုန်းဟု သမုတ်တော်မူပြီးလျှင် သစ်ခက်တဲနန်းထိုးတော်မူ၍ စံနေတော်မူ၏။ ထိုအခါ မြေထူးမြို့၏အခြေအနေ အလားအလာ ဂမန္တာ-ဂမနတို့ကို ကြည့်ရှုတော်မူသောအခါ အလွန်ပြည့်စုံသဖြင့် ဤမြို့သည် မြို့မည်ကာမတ္တမဟုတ်၊ ဘုရား ဘိုးတော် အဉ္စနမင်းကြီးလက်ထက်က တည်ခဲ့သောမြို့ဖြစ်ပေသည်။ ဘေးလောင်းတော် ဘိုးလောင်းတော်များ လက်ထက်တော်မှစ၍ အဆက်အဆက်သောမင်းတို့ ပြုပြင်ကြသည်ချည့်ဖြစ်သည်။ ဤကဲ့သို့ မြို့ဟောင်းမြို့ပျက် ဘုရားဟောင်းဘုရားပျက် ကျောင်းဟောင်းကျောင်းပျက် ကန်ဆည်မြောင်းအစရှိသည်တို့ကို ပြုပြင်ရခြင်းသည်လည်းအသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ ဘုန်းတန်းကြက်သရေ တိုးတက်ခြင်း အစရှိသောကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့်လည်း ပြည့်စုံရာသည်၊ သို့အတွက်ကြောင့် ရှေးက ဘိုးလောင်းတော် အနော်ရထာမင်း ပြုပြင်ခဲ့ရင်းအတိုင်း မြို့ကို ပြုပြင်ရန် ကျုံးများကိုထပ်မံ၍ တူးစေတော်မူ၏။

ထိုအခါ—သိကြားမင်းသည်၊ ဤမင်းကား -သာသနာဒါယကာ်၏အကျိုး၊ တိုင်းသူ ပြည်သားတို့၏ အကျိုးကို သည့်ပိုး ရွက်ဆောင်တော်မူသောမင်းဖြစ်သည်၊သာသနာတော်ကိုလည်းယုံကြည်ဘော်မူ၏။ဤခင်းအား- ဘုရားရုပ်ထု ကိုးကွယ်ရလေအောင်၊ အထက်အညာ ရောဝတီ ချင်းတွင်းမြစ်ညာပါမကျန် သာသနာတော်ပြန့်ပွါးတိုးတက်လေအောင် အောက်မေ့ဆင်ခြင်တော်မူ၍၊တောာတခု၏ အတွင်း တောင်ကြားထဲ၌ ပေါက်ရောက်နေသော ချောမောပြေပြစ်၍ လုံးပတ်ညီညွတ်လှသော စကားသားတခုကို ယူတော်မူ၍ ဘုရားရုပ်ထု ထုလုပ်ရန် ကြွန်ဆစ်ကဲ့သို့ ကိုးရစ်ကိုးဆစ် အရစ်အပိုင်းများ ဆုံးဖြတ်သားပြီးလျှင်စိတ်ထဲတွင် ကြံပြန်သည်ကား၊

ဤမင်းအား၊ ဘုရားရုပ်ထု–ထုလုပ်၍ မဆက်သဘဲ၊ မြေကြီးထဲတွင် ရှိနှင့်သကဲ့သို့ ၎င်းမြေထူးမြို့ကျုံးထဲတွင် မြှုပ်နှံ၍ ထားတော်မူခဲ့၏။

ထိုအခါကျုံးကို တူးဘော်ကြသောသူတို့သည် သိကြားမင်း မြှုပ်နှံထားသော စကားသားကြီးကို တွေ့မြင်သဖြင့် အလွန်အံ့ဩ၍ ထူးဆန်းသော သစ်သားဖြစ်ရကား မင်းကြီးအား သံတော်ဦး တင်လျှောက်ကြလေ၏။ အလောင်းစည်သူမင်းကြီးသည်လည်း သစ်ခက်တနန်းတော်မှ ထွက်တော်မူပြီးလျှင် အကြိမ်ကြိမ် ကြည့်ရှုသုံးသပ်တော်မူပြီး၍ မည်သည့်အသား ဖြစ်သနည်းဟု ပညာရှိအပေါင်းတို့အား မေးတော်မူ၏။ ထိုအခါ အမတ်ပညာရှိအပေါင်းတို့က၊ ၎င်းအသားကြီးသည် စကားသားဖြစ်ကြောင်းကို သံတော်ဦးတင်လျှောက်ကြလေ၏။ ဤသို့ထူးဆန်းလှပ၊ အနှစ်ပြည့် ချောမောလှသော ဤစကားသားကြီးကို မည်သို့ပြုရသော် ကောင်းမည်နည်းဟု မေးတော်မူပြန်၏။ ထိုအခါ ပညာရှိ အမတ်အပေါင်းတို့က ဤသို့ထူးဆန်းလှပ အနှစ်ပြည့်လှ ချောမောလှသော ဤစကားသားကြီးသည်ကား ဘုရားရုပ်တုထုလုပ်ကိုးကွယ်ရန် အလွန်တရာဘုန်းတန်ခိုး ကြီးတော်မူလှသော အရှင်ဖြစ်၍ နတ်သိကြားများ ဆက်သသောအားဖြင့် မြှုပ်နှံထားလာသော အသားသာကေန် ဖြစ်တန်ရာ၏ဟု သံတော်ဦးတင်လျှောက်ကြလေ၏။

ဤသို့တင်လျှောက်ကြလေလျှင် ဖရဏာပီတိ ဆီဂွမ်းထိသကဲ့သို့ ရွှင်ကြည် သောမနဿ သဘောတော် အလွန်ကျလှ သဖြင့် အလွန်တရာတတ်လှစွာသော ပန်းပုလက်သမားတို့ကိုခေါ်တော်မူပြီးလျှင် ၎င်းစကားသားကြီးကို သိကြားမင်း ပေးအပ်သည့် အရေးအသား အဆုံးအဖြတ်အတိုင်း ကိုးပိုင်းဖြတ်တော်မူပြီးလျှင်

အရင်းပိုင်း အဖြတ်ကြီးကို ထုလုပ်ကိုးကွယ်သည်ကား မိမိ၏နေ့နံ နှင့် သင့်လျော်စွာရပ်တော်မူ၍ လက်နှစ်ဘက်ကို ရင်ကိုမခါလျက် ထုလုပ်ကိုးကွယ်တော်မူသည်။ ကျန်သောအပိုင်းတို့ကိုလည်း မိမိ၏ နေ့နံနှင့် သင့်လျော်စွာ လောကုတ်လောကီ နှစ်လီသော အကျိုး တိုးပွားစေခြင်းငှာ၊ အရင်းပိုင်းအဖြတ်ကို သာလျှင် ရပ်တော်မူ ထုလုပ်တော်မူ၍ ကျန်သောအပိုင်းတို့ကိုကား ပလ္လင် ထက်ဘွင် ထက်ဝယ်ဖွဲ့ခွေ၍ ထုလုပ်ကိုးကွယ်တော်မူ၏။

ဤသို့ စကားသား ကိုးဆူတို့ကို ထုလုပ် ကိုးကွယ်တော်မူ၍ စင်လှင့်သော ဈေးစာ၊ ဆောက်စာတို့ကိုလည်း ထောင်းထု၍ မ ံဘုရားတဆူ ထုလုပ်တော်မူ၏။ မြတ်စွာဘုရား ရုပ်ထုတော်တို့ကို ထုလုပ်တော်မူပြီးလျှင် အလောင်းစည်သူ မင်းကြီးသည်၊ ၎င်း ဘုရားရုပ်ထုတို့ကို တည်ထား ကိုးကွယ်ရာ၌ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်များကို ဌာပနာ၍ တည်ထား ကိုးကွယ် လိုသော စိတ်ဆန္ဒတော်ရှိရကား များစွာ မိဌာန်၍ တောင့်တ တော်မူ၏။ ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက် ဖျာသည် တင်းမာ ပူလောင်သော အခြင်းအရာကို ပြုရကား လူ့ပြည်သို့ ကြည့်ရှုဆင်ခြင်လတ်သော် လူတို့သနင်းမင်းဖြစ်တော် မူသော အလောင်းစည်သူ မင်းကြီး သည် ငါ ဆက်သော အသား မြတ်စွာဘုရား ရုပ်ထုတို့ကို တည်ထား ကိုးကွယ်ရာ၌ ဓာတ်တော်မွေတော်များနှင့်တကွ ဌာပနာ၍တည်ထားကိုးကွယ် လိုသောစိတ်ဆန္ဒတော်ရှိသည်သိတော်မူ၍ ခဏချက်ခြင်း လူ့ပြည် သို့ ဆင်းပြီးလျှင် ထိုထို၌ဤ ဘုရားဓာတ်တော်မွေတော်များကို အမြင်တထောင်ဆောင်သော နတ်တို့မျက်စိဖြင့် ကြည့်ရှုဆင်ခြင် လတ်သည်ရှိသော်၊ အလောင်းစည်သူမင်းကြီး၏ ရှေးကောင်း

မှုကြောင့် တောအုပ်ကြီးတခုတွင် မပျက်မကွဲဘဲ အမြဲပေါင်းစုံ၍ ထားအပ်သော ကျောက်ဖျာကြီးတချပ်၏ အောက်တွင် ခုတ်တော် မွေ့တော်များကို မြင်လေလျှင်၊ သိကြားမင်းသည် အလောင်းစည်သူမင်းကြီးအား ၎င်းခုတ်တော်တို့ကိုပင့်ဆောင်၍ အပ်နှင်းတော်မူ၏။

ထိုအခါ အလောင်းစည်သူမင်းကြီးသည် အားရဝမ်းသာကြည်နူးစွာဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ နှစ်သက်ခြင်းရှိတော်မူလှသည်ဖြစ်၍ ငါသည် အလိုရှိတိုင်းရနိုင်ခြင်း၊ စိတ်အလိုရှိတိုင်း ဘောင်စကြာဖြင့် သွားနိုင်ခြင်းသည် ရှေးရှေးအခါ သံသရာက မည်သည့်ကောင်းမှုကုသိုလ် အဆောက်အဦးကြောင့်ဖြစ်ပါလိမ့်မည်နည်းဟု အောက်မေ့ ကြံစည်တော်မူပြီးလျှင် ကြံစည်တော်မူတိုင်း သိကြားမင်းအား မေးလေ၏။

ထိုအခါ သိကြားသည် သတိမမူလစ်လျူရှု၍ မကြားသလိုမပြန်မကြားနေတော်မူ၏။ ထိုအခါ အလောင်းစည်သူမင်းကြီးသည် အရှင်သိကြားမင်း ဘဝများစွာ သံသရာ၌ ကျင်လည်ရသော သတ္တဝါတို့မည်သည်ကား အမျိုးယုတ်ခြင်း၊ ဇာတ်နိမ့်၊ ဇာတ်မြင့် အဆင်သင့်သလို လောကဓံတရားအတိုင်း ဖြစ်ရသည်သာ၊ အားမနာနှင့် ငါသို့သောသူကို ထား၍ မြတ်စွာဘုရားသော်မှ ဝဋ္ဋတဏှာအတိုင်း ဖြစ်ရသေးသည်သာ၊ ငါ့အား ပြောကြားပါဟု ထပ်မံ၍တိုက်တွန်းတော်မူ၏။ ထိုအခါ သိကြားသည် မင်းကြီး၏ရှေးကောင်းမှုကို ပြန်ကြားလိုသည်ဖြစ်၍ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည်ကား ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာ၏ အဦးအစစွာခေတ်အခါ၌ ကောဏ္ဍာဂုံ အမည်တော်ရှိသော မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှား

ဖြစ်တော်မူသတတ်။ ထိုအခါ အသင်မင်းကြီးသည် အလှန်ဆင်းရဲလှသော အမျိုးသားဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်အတွင်း၌ ကြုံကြိုက်ပါသော်လည်း ပစ္စည်းဥစ္စာ အလှန်တရာ နည်းပါးလှသဖြင့် လှူချင်၊ ဒါန်းချင်၊ ပေးကမ်းစွန့်ကြဲချင်ပါသော်လည်း မလှူနိုင်၊ မစွန့်ကြဲ မပေးကမ်းနိုင်သဖြင့် အလှန်ဆင်းရဲစွာနေရ၏။ ထိုအခါ လူဆင်းရဲသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောသူတို့ အလှူပေးရာဌာန၊ အလှူပေးသောနေ့ရက်အချိန်အခါတို့ကို သိအောင်လုပ်ပြီးလျှင် သူတောင်းစားဖုန်းတောင်းယာစကာတို့အား ဤအရပ်၌ ယခုသင်္ဃာတော်များတို့အား ဆွမ်းလုပ်ကျွေးကြသည်၊ ထိုအရပ်၌ အလှူပေးကြသည်၊ သင်တို့သွားလျှင် ပေးကမ်း စွန့်ကြဲကြလိမ့်မည်၊ ရလိမ့်မည်၊ စားရလိမ့်မည် အစရှိသည်ဖြင့် ကြည်ညိုနှစ်သက်လမ်းဖြောင့်အောင် မပျက်မကွက်ဘဲ လက်ညှိုးညွှန်ကာ လမ်းများကို ပြဘူးသည့်အတွက် လက်ညှိုးညွှန်ရာရေဖြစ်၍ ဘောင်စကြာများဖြင့် အနှံ့အပြား သွားနိုင်သည်။ မိမိစိတ်ဆန္ဒအလိုရှိတိုင်း ပြည့်စုံရသည်ဟု သိကြားမင်းက မင်းကြီးအား ရှေးကောင်းမှု၏ အကြောင်းကို အတိတ်ဆောင်၍ ပြန်ကြားတော်မူ၏။ ထိုအခါ သိကြားမင်းသည်၊ မင်းကြီးအား ဒါနသီလ၊ ဘာဝနာတရားတို့ကို မမေ့မလျော့ အားထုတ်အောင် တိုက်တွန်း နှိုးဆော်တော်မူပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

အလောင်းစည်သူ မင်းကြီးလည်း ဝမ်းမြောက် ဝမ်းသာသာဓုအနုမောဒနာ ပြုတော်မူ၍ ၎င်း စကားဘုရား ကိုးဆူ။ မံဘုရားနှင့်တကွ ဆယ်ဆူတို့ကို ခါတ်တော်မွေတော်တို့နှင့်တကွ

ဌာပနာ၍ တည်ထား ကိုးကွယ်လိုရကား မြေထူးမြို့၏ အရှေ့တောင် တာ(၂၀၀)ခန့်ကွာဝေးသော ရှေးအထက်က ဘုရားဘိုးတော်အဥ္စနမင်းကြီး တည်ထားရင်းဖြစ်သော ရွှေဂူမြင့်ခေါ် ဂူတော်ဟောင်းကို ကောင်းမွန်စွာ ထပ်မံ၍ ပြုပြင်တော်မူ၏။ ၎င်းဂူသည် ငါးဆဲ့ခုနစ်တောင်မြင့်၏။ ထီးကိုလည်း အသစ်လဲတော်မူ၏။ ထီးကိုးဆင့်ရှိသောဟူ၏။ ၎င်းမြေထူးမြို့၌ ရှိသော ဂူတို့သည်ကား ထီးကိုးဆင့်ချည်း ဖြစ်၏။ ဤကဲ့သို့ ပြုပြင်တော်မူပြီးလျှင် စကားသားအရင်းပိုင်း ရုပ်ထုတော်ရုပ်တော် မူကြီးကို ခတ်တော် မွေတော်နှင့်တကွ ဌာပနာ၍ တည်ထား ကိုးကွယ်တော်မူ၏။ ၎င်းရုပ်တော်မူကြီးသည်ကား၊ ဥာဏ်တော် (၁၄) တောင် တမိုက် ရှိသောဟူ၏။ ပုံတော်လည်း ရင်ကို မချီလျက် ထုလုပ်ထားသော ရုပ်ထုတော်ကြီးဖြစ်သဖြင့် အလွန်ထူးဆန်း၍ ကြည်ညိုဘွယ်ကောင်းလှလေသည်။ မြတ်စွာဘုရား၏ ဘွဲ့တော်ကိုလည်း ရွှေဂူမြင့်ဘုရားဟု သမုတ်တော်မူ၏။ ၎င်းမြို့ကိုလည်း ဘိုးလေဘင်းတော် အနော်ရထာစော ပြုပြင်သည့်အတိုင်း ပြုပြင်တော်မူပြီးလျှင် မြေထူးမြို့ဟူ၍ ထပ်မံ သမုတ်တော်မူသည်။

## ဤကား ရွှေဂူမြင့်ဘုရားသမိုင်း အပြီးသတ်သတည်း။

ရွှေစကားဘုရားဖြစ်ပါလျက်၊ ၎င်းသမိုင်းကိုမှတည်၍ မရေးသားဘဲ ရွှေဂူမြင့်သမိုင်းကို အဘယ့်ကြောင့် မှတည်၍ရေးရပါသလဲဟု ပရဝါဒီတို့၏ အပြစ်တင်ဘွယ်ကို ချေပရန်အချက်မှာ မင်းကင်းရွှေစကား ဘုရားသမိုင်းဟု အခိုင်အမာ မတွေ့ဘူးသည် ဖြစ်ရကား တဆင့်ကြားဘူးရသည်မှာ ရွှေစကားဘုရား တောင်

တော်မှာ လေးမှတ်ထွက်၍ ကျွန်သီးတော်များနှင့် ကျောက်စာ အခိုင်အမာ ထိုး၍ လှူထားခဲ့ကြောင်း၊ ၎င်းကျောက်စာတို့ကို ၄၇-နှစ်၊ အင်္ဂလိပ်တက်လာသောအခါ ဘုရားကျွန်များတိမ်ကော ပပျောက်သွားရန်တကြောင်း၊ မိမိတို့လဲ အခွင့်အရေး ရတန်သလောက် ရစေရန်တကြောင်းတို့ကြောင့် မင်းနှစ်ဆက်တိုင်တိုင် လှူထားခဲ့သော ဒေါင်းတတွန် စွန်တဝဲမြေကို အရာတော်အဖြစ် ဆက်သပြီးကျောက်စါတို့ကို ချိုးဖျက်အိုင်တခုထည်းမှာချပစ်သည် ဟု သက်ကြီးများပြော၍ တဆင့်ကြားဘူးပါသည်။ ထိုကျောက်စာမှာ သမိုင်းတော့ ပါတန်ရာ၏ဟု စဉ်းစားဥာဏ်ရပါသည်။ သို့ဖြစ်လင့်ကစား အလွန်ရှေးကျနေ၍ သုတေသနပုဂ္ဂိုလ်မရှိသေးသဖြင့် မကူးထားသောကြောင့်သာ မရှိဟန်တူပါသည်။ သို့ဖြစ်၍ ရွှေစကားအစ မြေထူးကလို့ ကဗျာပြုပြီး ရွှေစကားသမိုင်းကို အထူးမရေးဘဲနှင့် အစုတ္တ သိဒ္ဓိနည်းဖြင့် ပြီးစေလို၍ ရေးဆိုပါသတည်း။

ဒေါင်းတတွန် စွန်တဝဲ သတ်မှတ်၍ ဝတ္တကံမြေ မင်းနှစ်ဆက်မြောက် လှူဒါန်းကြောင်းကို သာဓကပြရန် သဲလွန်စမှာ မူလ အလောင်းစည်သူမင်းကြီးကပုရပိုက်မူဆင့်စာဖြင့် မြို့ဝန်ထံပေးပို့စေသော ပုရပိုက်ကိုမြို့ဝန်အဆက်ဆက် ၎င်းနောက် မြို့ဝန် ဦးမင်းကလေးဆောက်လုပ် လှူဒါန်းသော ကျောင်းကြီး အပြီး အစောင့်အရှောက်ရဟန်းတော်တို့ကိုတင်လှူ၍ ပုရပိုက်မူကို ဆရာတော်အဆက်ဆက်အားအပ်နှံ၍ ဆရာတော် အစဉ်အဆက် ပေးအပ်မြဲဖြစ်သောပုရပိုက်မူကို ဆရာတော်လက်ဝယ်ယခုတိုင်ရှိနေပါသည်။ ထိုအမိန့်တော် ဆင့်စာကား အောက်ပါအတိုင်းဖြစ်ပါသည်။

နရပတိစေသူမင်း အမိန့်တော်-

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူလှသော ရေမြေအရှင် ဆဒ္ဒါန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်အရှင်ဘုရှင် မင်းတရားကြီးဘုရားသည်၊မင်းတို့သတ္တံသုံးပါး၊ ဗြဟ္မစိုရ်တရားလေးပါး၊အင်္ဂါ ငါးပါး၊နာယကဂုဏ်ခြောက်ပါး၊ မင်းကျင့်တရား ဆယ်ပါး၊ စကြာမင်းတို့ ကျင့်ရာသောတရား တဆဲ့နှစ်ပါးတို့နှင့်ညီစွာ တိုင်းကျိုးပြည်ကျိုးနိုင်ငံတော်ကျိုးများကိုပြည့်ဖြိုးထွန်းကားတော်မူစေလိုကြောင်း သွန်းလောင်းတော်မူ၍ ပြည်သူတို့အား ဩဝါဒတရားကျမ်းဂန်နှင့် အညီဆုံးမတော်မူ၍ ဘေးလောင်းတော်၊ဘိုးလောင်းတော်တို့ ရိုပ်ရာကို သက်တော် ၁၅ နှစ်က ထီးနန်းစည်းစိမ်ကို ရတော်မူသဖြင့် ယခုသက်တော် ၇၆-နှစ်ရောက်သောအခါ မူးပုံမတ်ပုံတို့နှင့်တကွ၊ အဂ္ဂမဟေသီခံ တောင်ညာစံ မိဖုယားခေါင်ကြီး သားတော်နန်းလျာ၊ ဥပရာဇာမင်းရှင်စောတို့ကို တိုင်ပင်တော်မူပြီးလျှင် ဘုရား သာသနာတော်မြတ်ကို ၅၄၁-ခု တံခူးလဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ နေ့ ၂ ချက်တီးအချိန်တွင် အထက် ၅၃၁-ခုနှစ်က တည်တော်မူသော ကုသိုလ်တော် စကားကိုးပိုင်းအနက် မင်းကင်း ရွှေစကားဘုရား ရုပ်ရှင်တော်ပွား ကိန်းဝပ်တော်မူသော မဏိရတနာတောင်ကို ရွှေစကားတောင်တော်တွင်စေ၍ ထိုတောင်မှ အရှေ့အနောက် တောင်မြောက် လေးမျက်နှာ၊ တာပေါင်း ၁၅၂-ကို ဒေါင်း တတွန်စွန်တစဲ ရည်ရွယ်ပိုင်းခြားတော်မူပြီးလျှင် ဝတ္ထကံ

မြေပိုင်စား လှူတော်မူသည်။ ရန်အောင်ဗလစေသူကျော်
တို့က အရှည်တည်အောင် ကျောက်စာနှင့် အသေအချာ
တင်ထားစေ၊ နရပတိ စေသူမင်းအမိန့်တော်။

သိကြားပေးသောအမည်တော် အဖျားကိုယူ၍ နရပတိစည်သူဟု အချို့နေရာ၌ ရေးသောကြောင့် မြေးတော် နရပတိစည်သူဟု မှတ်ထင်ပြီး အချို့ပြောစမှတ် ပြုကြသည်။

**မှတ်ချက်။** ။ငင်းနောက် မြေးတော် နရပတိမင်း အသက် ၃၇ နှစ်က ထီးနန်းရ၍ ၅၉ နှစ်ရှိသောကာလ သားတော်ဇေယျသိင်္ဂမင်းတို့ကို တိုင်ပင်တော်မူပြီးလျှင် ဘုရားသာသနာတော်မြတ်ကို အထက်ဘိုးတော် အလောင်းစည်သူမင်းကြီး လှူတော်မူသည့် အတိုင်း ယခု ၅၃၃-ခုနှစ်ထပ်မံ၍ လှူဒါန်းတော်မူသည်။ သူရဲကောင်း မင်းနန္ဒမိတ်တို့က အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်အထူး ဆင့်ဆိုစေ။ ဒုတိယ မြေးတော်လှူဒါန်းသော အမိန့်တော်။

ဤသို့ အလောင်းစည်သူမင်းကြီး တည်ထား ကိုးကွယ်တော်မူသော ၁၀ ဌာနအနက်၊ မင်းကင်းရွှေစကား ဘုရားစေတီတော် တောင်တော်ကုန်းမြတ်၌ ယခုလိုဘုန်းတော်ကြီးကျောင်းမရှိသေး။ ဘုရားပွဲတော် ယခုလိုအကြီးအကျယ် မကျင်းပသေးပေ။ လိုရာလိုရာ ကြည်ညိုလိုသောသူတို့သာ ပူဇော်ဘွယ်အထူးထူးတို့ဖြင့် နေ့ညပူဇော် လှူဒါန်း၍ နေကြသော ဟူ၏။ ။ပူဇော်ဘွယ် ဝတ္ထုနှင့် ဝတ္တကံမှထွက်သော အသီးအနှံတို့ကို ကောက်ယူ၍ ကျွန်သီးတော်များက ဘုရားလှူခြင်း မိမိတို့သုံးစွဲခြင်းပြု၍ နေကြသောဟူသတတ်။ ။

## ရွှေစကားရုပ်ရှင်တော်ပွါး ပဌမတန်ခိုးတော်ပြပုံ။

တနေ့ထက်တနေ့၊ တရွေ့ရွေ့ယွင်းယို၊ နောက်ပြန်ရှုမပျိုသည်၊ ရေ့ကိုသာအိုမြဲ၊ သွားကျိုးလို့ဆံဖြူ၊ ရုပ်ငယ်မူဖေါက်ပြန်လို့လွှဲ၊ ဆိုတဲ့နိဗ္ဗန္ဒကဗျာကဲ့သို့ နှစ်လကာလ ရက်ပေါင်းတွေကြာ ညောင်း၍ မြို့ဝန် ဦးမင်းကလေး၏ လက်ထက်ကာလသို့ ဆိုက် ရောက်လာသောအခါ၊ ၎င်းတောင်တော်ကုန်းမြတ်၌ ဂူကျောင်း တော်အတွင်း ထည့်သွင်းထားသော ရုပ်ရှင်တော် ရွှေစကား ဘုရားသည် ပျောက်ခြင်းမလှ ကွယ်ပပျောက်ဆုံး၍နေလေသည်။ မြို့ဝန်နှင့် မြို့သူမြို့သားတို့ကား စေတီတော်ကိုသာ နေ့စဉ်ကိုးကွယ် ပူဇော်မြဲပူဇော်ကိုးကွယ်၍ နေကြလေသည်။ ရုပ်ပွါးတော်ကို စူးစမ်းခြင်း ရှာဖွေခြင်းမပြုကြကုန်၊ လရက်အတန်ကြာလတ်သော် ကလေးမြို့၊ကလေးစော်ဘွားကြီးသည်မင်းနေပြည်တော်သို့သွား၍ ပူဇော်ဆက်သမြဲ ဆက်သပြီးအပြန် ကျွန်းတော် သောင်စွယ်၌ စခမ်းချ၍ ညအိပ်ကြလေသည်။

နံနက်လင်း၍ ဆန်တက်အံ့ဟုအပြန်တွင် ကျွန်းတော်ကိုင်းတော အပေါ်က ကျီး၊ လင်းတ၊ စွန်ရဲ တို့သည် နေခြောက် မဆိုး သာအောင် ဗိတန်ကြက်ဘိသကဲ့သို့ ၊ ပျံဝဲမြူးပျော်နေကြသည်ကို စော်ဘွားမင်းမြင်လေသော်၊သားသေတခုခုရှိတန်ရာ၏ဟု ထင်မှတ် အောက်မေ့၍ အချင်းယောကျ်ားကို ကြည့်ရှုစေသော် ထီး တံခွန်ကုက္ကားမုလေးပွါးနှင့် ပန်းဆီမီး ဆွမ်းရေချမ်းလှူဒါန်း၍ ထားသည်ကို အငွေ့တလူလူနှင့် ရုပ်ပွါးတော်ကိုတွေ့မြင်သော် အချင်းယောကျ်ားက ထူးမြတ်သော ဘုရားရုပ်ပွါးပူဇော်ဘွယ် အများတို့နှင့်တွေ့ကြောင်း စော်ဘွားသို့လျှောက်ရာ၊ စော်ဘွား ကြီးလည်း အထူးအားရလှ၍ ဝမ်းသာငမ်းမြောက်ဖြစ်ခါ လှူဒါန်း

ဘွယ်အရာရာတို့နှင့်တကွ လှေပေါ်သို့ပင့်တင်၍ မြို့ဌာနီကလေးသို့ မနေးအောင် ပင့်ပြေးကြလေသတည်း။ ။

## ဒုတိယအကြိမ် တန်ခိုးတော် ထူးခြားစွာ ပြပြန်ခြင်း။

ထိုသို့ကလေးစော်ဘွားမင်းကင်းရွှေစကားကိုပင့်၍သွားသည်ကို ကျွန်းတော်သူ ကျွန်းတော်သားနှင့် မြို့နေလူရေချိုးကြရင်း မြင်သဖြင့်၊ ကျွန်ုပ်တို့တောင်တော်ကုန်းမြတ်၌ ကိုးကွယ်သော ရုပ်ပွါးတော် ရွှေစကားသည် ကလေးစော်ဘွား ကိုင်းတောထဲ၌ ထူးဆန်းစွာပူဇော်၍ ထားသည်တွေ့သဖြင့်၊ လှေတော်နှင့် တင်ဆောင် ပင့်ယူသွားကြောင်းကို မြို့ဝန် ဦးမင်းကလေးအား အကြောင်းကြားကြရာ၊ ၎င်းဦးမင်းကလေးကား မင်းကင်းမြို့ တောင်တွင်းမြို့၊ ဘန်းလက်မြို့၊အော်မြို့၊ကရားမြို့၊၎င်း ၅-မြို့ကိုအုပ်ရသဖြင့် ပဥ္စာလင်္ကါမြို့ဝန်ဦးမင်းကလေးဟု ထင်ရှားကျော်ကြားလေသည်။ ၎င်းဦးမင်းကလေးသည် လက်နက်အင်အား အပြည့်အစုံနှင့် လှေတပ်ခင်း၍ အပြင်းလိုက်လေသော်၊ စော်ဘွားတပ်ကား အနည်းငယ်မျှ ဖြစ်သည့်ပြင်၊ ရက်ရှေဆန်တက်လာခဲ့ရသဖြင့်၊မြို့ဝန်တပ်ကား အင်အားလဲဘောင့် လက်ပန်းမကျ-အားသစ်အားလွင်ဖြစ်ရကား တောင်တွင်း ချောင်းဝတွင် မှီလေ၏။ ထိုသို့မှီသောအခါ မင်းကင်းပဥ္စာလင်္ကါမြို့ဝန် ဦးမင်းကလေးက ကလေး စော်ဘွားကြီးအား သာယာချေငံသော စကားကို ပြောသည်ကား အသင်စော်ဘွားမင်း၊ စော်ဘွားမင်း ဆောင်ပင်သော ဤဘုရားရုပ်ထုတော်ကား ကျွန်ုပ်တို့မြို့နယ်၌ အလောင်းစည်သူမင်းကြီးကိုးကွယ်ခဲ့တဲ့တန်ခိုးကြီးရွှေစကား မြတ်စွာဘုရားဖြစ်ပါသည်။ ပျောက်ခြင်းမလှပျောက်သွား၍ အမျိုး မျိုး

ထောက်လှမ်း ရှာဘွေပါစေသော်လည်း မတွေ့ရ၍ ကိုးကွယ်မြဲ ဌာနစေတီတော်ကိုသာ ကိုးကွယ်နေကြရပါသည်။ ယခုကံ ကောင်းထောက်ပန့်၍ စော်ဘွားမင်းနှင့်တွေ့၍ ဝမ်းမြောက် ရွှင်လန်းစွာလိုက်လာရပါသည်။ ကျွန်ုပ်တို့မြို့နယ် ဘုရားဖြစ်၍ ပေးအပ်ပါဟု တောင်းဆိုလေ၏။ ။

ထိုသို့တောင်းဆိုသောအခါ ကလေးစော်ဘွားကြီးက ပြော သည်မှာ အသင်မြို့ဝန်မင်းတို့ ကိုးကွယ်တဲ့စေတီထဲက ကျွန်ုပ်တို့ ခိုးဆောင်၍ပင့်သည်မဟုတ်၊ ကျွန်ုပ်တို့ကိုးကွယ်ထိုက်၍ ကိုင်းတော ပေါ်တွင် ငှက်မျိုးစုံပျံမြူးနေသည်ငါမြင်၍ ကြည့်ရှုရာ၊ရှင်းဘုရားကို အရှင်မရှိတွေ့ရပါသည်၊ ကျွန်ုပ်တို့နှင့် ထိုက်၍ နတ်ပေးသောဘုရား ဖြစ်သဖြင့် မပေးမအပ်နိုင်ပါဟု ငြင်းဆိုလေ၏။

ထိုသို့ငြင်းဆိုလေသော်၊ မင်းကင်းမြို့ဝန်မင်းက ကျွန်ုပ်တို့ ဘုရားဖြစ်၍ သာယာချောင်း လူကြီးချင်း မေတ္တာမပျက်စေလို၍ တောင်းဆိုပါသည်။ အသာအကြေတောင်းလို့မှ မအပ်နိုင်လျှင် အသာရရန်နှင့်မရလျှင် အနာရရန်နှင့်သာ တောင်းသည့်အလုအသူဘဲ သေသေ၊ ငါဘဲသေသေ ဆိုသလို တိုက်ခိုက်အတင်းယူရပါလိမ့် မည်ဟု မျက်နှာကို တင်းတင်းထား၍ မာန်ပါပါဒေါ်ထွက်ထွက် ပြောရာတွင်။ ။ထိုအခါ စော်ဘွားမင်းက ပညာလဲရှိ လိမ္မာ ပါးနပ်ပြီးဖြစ်ရကား၊ မိမိမှားခဲ့သည်ဖြစ်၍ စစ်သည်အင်အားလဲနဲ့ လက်ပမ်းကလဲကျ၊တိုက်ယူသော် ငါသာရှုံးရမည်ဟု ဆုံးဖြတ်ပြီး မြို့ဝန်ကို စကားချေပသည်ကား၊ အသင်မြို့ဝန်မင်း၊ မြို့ဝန် မင်းပြောတဲ့စကားမှာ အလွန်ရိုင်းပြလှပါသည်။ ဗုဒ္ဓဝါဒတော် နှင့်လဲ မကိုက်ညီပါ၊ ကျွန်ုပ်တို့ဗုဒ္ဓဝါဒတော်မှာ၊ ပါဏာတိပါတ စတဲ့ ဒုစရိုက် အကုသိုလ်တရားတို့ကိုပါယ်ရမည်။ ပဟာတပ္ပတရား



ရွှေစကား၏ ၂-ထပ်တိုက်ကြီးပုံ။

ဖြစ်သည်။ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကိုပွါးများရမည်။ ဘာဝေတဗ္ဗတရားဖြစ်သည်လို့ ဟောပါသည်။ အသင်ပြောတဲ့စကားကား ဗုဒ္ဓရှင်တော်ပွါးကို ကိုးကွယ်လိုမှုနှင့် လူတွေသွေးချောင်းစီးအောင် တိုက်ခိုက်လုယူမည်ဆိုသော်၊ ဗုဒ္ဓဝါဒတော်နှင့် ဆန့်ကျင်ပြီးနေပါသည်။ ဗုဒ္ဓအလိုတော်နှင့်မကိုက်ညီပါ။ ကျွန်ုပ်တို့ ဗုဒ္ဓဝါဒတော်နှင့် ကိုက်ညီအောင် တရားလဲမျှတအောင် အကြံတခုပေးပါမည်။ လိုက်နာပါဟုဆိုလေ၏။ ထိုအခါ မြို့ဝန်မင်းက စော်ဘွားပေးတဲ့ အကြံကို ကျွန်ုပ်ကြိုက်လျှင် လိုက်နာပါမည်။ မကြိုက်လျှင်တိုက်ဘဲယူရလိမ့်မည်၊ ပေးမဲ့အကြံကို ဆိုပါဟု ပြောလေ၏။

ထိုအခါစော်ဘွားမင်းက၊ ဘောင်တခုဘွဲ့၍ မိဋ္ဌာန်ပြီးရေအယာဉ်စီးဆင်းတဲ့ နေရာချပါမည်။ အသင်မြို့ဝန်မင်းက အထက်အညာသို့ဆန်တက်တဲ့ ဘက်ကဘဲနေလိုနေ၊ အောက်အကြေသို့စုန်ဆင်းတဲ့ဘက်ကဘဲ နေလိုနေပါ။ ဘုရားကိုဘောင်သို့တင်၍ ရေစီးရာသို့ချပါမည်ဟု ဆိုသော်။ ။ထိုအခါမြို့ဝန်မင်းကကြံဆသည်မှာ၊ ဘုရားမှာအဝိညာဏကဘုရားဖြစ်၍ မုက္ခ၂အထက်အညာသို့ဘယ်နည်းနှင့်မှ လူမလှော်လျှင် မဆန်တက်နိုင်၊ ဧကံဒိဋ္ဌ အောက်အကြေသို့ စုန်ရမည်ဟုဆုံးဖြတ်၍၊ကောင်းပါပြီ စော်ဘွားမင်းအကြံ ကျွန်ုပ်ကြိုက်ပါပြီ၊ အောက်သို့စုန်လျှင် ကျွန်ုပ်တို့ မင်းကင်းကပင့်ပါမည်။ အထက်အညာသို့ လူမပါဘဲ အလိုလိုဘောင်တော်နှင့်တကွ ဘုရားရှင် အညာသို့ ဆန်တော်မူလျှင် စော်ဘွားမင်းတို့ ကိုးကွယ်ပါတော့ဟု အကြံကိုကြိုက်ညီလေ၏။

ထိုသို့ကြိုက်ညီကြပြီးသော် ဘောင်တော်တခုကို အဆောတလျင်ဘွဲ့ချီ၍၊ ရေအယာဉ်စီးဆင်းတဲ့နေရာ၌ ထားပြီး လျှင် မိဋ္ဌာန်သည်ကား၊ "တံခိုးတော်အလွန်ကြီးမားလှတဲ့၊ ရုပ်ရှင်

တော်ပွါးရွှေစကားမြတ်စွာဘုရား။ အရှင်ဘုရားကိုကိုးကွယ်လိုမှုနှင့် တကာတော်စော်ဘွား၊ မင်းကင်းမြို့ဝန် အညင်းဖြစ်ပွါးနေကြပါသည်။ မင်းကင်းမြို့ဝန်နယ်သူနယ်သားတို့ ကိုးကွယ်ပူဇော်တော်မူလိုက အောက်အကြေသို့ စုန်ဆင်းပါစေသတည်း။ တကာတော်စော်ဘွားနှင့် ကလေးသူကလေးသား အပူဇော် ခံလိုကဘောင်တော်နှင့်တကွ အထက်အညာသို့ဆန်တက်ပါစေသတည်း” ဟု မိဋ္ဌာန်ပြီးလူမပါဘဲ ဘောင်တော်ကို လွှတ်လိုက်လေ၏။

ထိုအခါရေအယာဉ်လဲ လှိုင်းဂရက်ငြိမ်သက် နဘ ကောင်းကင်ကလဲ ကမ္ဘလာနီအသွေး တိမ်သားတွေ ဆေးခြယ်ထားသည့်အလား နီမြန်းပြီးတံခိုးတော်ပြသောအားဖြင့် အထက်အညာသို့သာယာငြိမ့်ညောင်းစွာ ဆန်တက်တော်မူလေသတည်း။

ထိုသို့ဆန်တက်သောအခါ ကလေးစော်ဘွားကြီးသည် အားရဝမ်းသာ ရှင်လန်းသောမျက်နှာနှင့် လက်ပန်းပေါက်ခတ်ခါလောင်းလှေနှင့်အတင်းလှော်ခပ်၍လိုက်ပြီး ရုပ်ပွါးတော်ရွှေစကားကို အကြိမ်ကြိမ်ဦးတိုက်၍ လှေပေါ်သို့တင်၍ ဘဝင်ရွှင်လန်းဆီထိဂ္ဂမ်းကဲ့သို့စံနေရာ ကလေးမြို့သို့ ဆန်တက်ကြလေ၏။ မြို့သို့ရောက်လျှင် ကိုးပိုင်းအပါ မိမိမြို့၌ကိုးကွယ်ထားသော စကားလှုဘုရားနှင့်အတူ စော်ဘွားဆရာတော်ကျောင်း၌ ဘောင်တော်နှင့်ရေဆန်သော တံခိုးတော်ကိုအစွဲပြု၍ ရေဆန်ဘုရားရွှေစကားဟု သမုတ်ပြီး နှစ်ဆူ ကိုးကွယ်ထားကြလေသတည်း။

ထိုသို့ပင့်ဆောင် သွားကြသောအခါ၊ မင်းကင်းမြို့ဝန်နှင့်နောက်ပါတပ်သားတို့သည် တရားရှုံး၍လက်ပိုက်ခါ၊ မြို့ဝန်မင်းသူ့ခမြာမှာ ငါတို့ကိုးကွယ်စဉ်က သာမံအနေနှင့် ကိုးကွယ်

လာကြရာ၊ ထိုဘုရား၌မျှလောက်တံခိုးသည် မထင်ခဲ့ပေ။ ယခုမူ ကားရုပ်ပွါးဖြစ်လင့်ကစား၊ သက်တော်ထင်ရှား ဘုရားကြွသကဲ့သို့ လူမပါဘဲ ဘောင်တော်နှင့်ဆန်ပုံကိုမြင်ရတော့၊ အလွန်တံခိုး ကြီးလှပေ၏တကား ယခုလိုတံခိုးကြီးဘုရားလက်လွတ်ရခြင်းသည် အလွန်နစ်နာလှပေသည်၊လူဖြစ်ကျိုးရှုံးရသည်ပင်ဟု၊မရှင်မကြည် မအီမသာ ဗျာပါရဝိတက် တနွေးနွေးဖြစ်လျက် နှမ်းချောက် ညှိုးလျော် တမှုးမှုးတမော်မော်နှင့်သာ တောက်တခေါက်ခေါက် ပြန်၍တပ်ခေါက်ခဲ့ကြရလေ၏။ ။

မြို့သို့ရောက်လျှင် အကြောင်းစုံကို ပြန်ပြောင်းပြောဆိုကြ သောအခါ၊ မြို့သူမြို့သားတို့သည် ငိုသူကငို ကြည်ညိုကြလွန်း သဖြင့်၊ ဤမျှတံခိုးကြီးသော ရွှေစကားကိုယ်တော်ကို ဤလိုဆုံးရှုံး ခံနေလို့ တော်မည်မထင်ပါ၊ ဥပါယ်တမည်ပြု၍ မရရအောင် ပင့်ဆောင်မှသင့်တော်မည်ထင်ပါသည် စသည်ဖြင့်၊ တယောက် တခွန်း မြို့ဝန်ကို အပူတိုက်ကြလေ၏။ထိုအခါမြို့ဝန်မင်းက ငါတို့ မြို့ကစော်ဘွားပင့်သွားသော ရုပ်ရှင်တော် ရွှေစကားဘုရားကို မည်သူမဆိုပြန်ရအောင် ပင့်နိုင်သူရှိက၊ တိုင်း ၁၂မှ အလွတ်ငြိမ်း ထားသည့်ပြင်၊ ဆုအထူးလဲ ပေးသနားတော်မူမည်ဟု ကြေငြာ လိုက်သောအခါ၊ ဦးကာစီနှင့် ဦးဘားဆိုသူနှစ်ယောက်တို့က မင်းမှုတိုင်းခန်းလွတ်၍၊ ဆုအထူးသနားပါလျှင်၊ ကျွန်တော် မျိုးတို့ ပင့်ဆောင်ပေးပါမည်ဟု ရဲရဲကြီးအာမခံကြလေ၏။

ထိုအခါ မြို့ဝန်မင်းက အားရလှသဖြင့်၊ လူစွမ်းကောင်းများ ပေါ်ထွက်၍ စိတ်တော့သက်သာရာရပေပြီဟု၊ အထွေထွေ ချီးမွမ်းပြီး၊ ရိက္ခာအလုံအလောက်ပေးပြီ လွှတ်လိုက်လေ၏။

ဦးကာစိနှင့် ဦးဘားတို့လဲ၊ ထိုးကွင်းထိုးရန် စုတ်မှင်အပြည့်အစုံနှင့်ကလေးသို့ရောက်လျှင်၊ စော်ဘွားဆရာတော်ဘုရားရှိသောကျောင်းတိုက်ကြီးသို့ရောက်၍၊ ဆရာတော်လျှောက်၍ ထိုးကွင်းမှင်ကြောင်ထိုး၍ တည်းခိုနေကြလေ၏။ ရက်အတန်ကြာလျှင်ဆရာတော်၏အကြိုက် ဆရာတော်သဘောကိုလိုက်၍၊ ဆရာတော်ကြိုက်တတ်တဲ့အစာတို့ကို မရရအောင်ရှာ၍ကပ်ခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြု၍နေကြသောအခါ ဆရာတော်သဘောကျ၍အခြားသို့ညအိပ်ညနေသွားလျှင် သော့နှင့်တကွ၊ ကျောင်းကို နှင်းပြီးသွား-လေ့ရှိသောဟူ၏။

ထိုအခါ ထိုကွင်းသမားတို့သည် ဆရာတော်တော့ ငါတို့ကိုယုံကြည်ပြီ၊ သည်တခါ ဆရာတော်အဝေးသွားလျှင် ပင့်ဖြစ်အောင်ပင့်ကြစို့ ကြိတ်၍တိုင်ပင်ပြီးနေသောအခါ၊ မျှားမကြာခင်ဆရာတော် ကိစ္စတခုနှင့်၊ အဝေးသို့ သွားပြန်လေ၏။ ထိုအခါထိုးကွင်းဆရာတို့သည် ဘုရားနှစ်ဆူကို တသားတည်း တလက်ရာတည်းဖြစ်ရာ မခွဲခြားနိုင်ကြသဖြင့်၊ ကိုရင်ကျောင်းသားတို့ကိုညာသည်မှာ၊ ကိုရင်တို့ ကျုပ်တို့မှာလူချစ်နတ်ချစ် ခုနစ်ရက်သမီး ခုနစ်ရက်သားတို့ ချစ်မြတ်နိုးစေတတ်သော မျက်နှာပွင့်ပီယဆေးကောင်းလဲပါသည်။ သေနတ်ပီး၊ ဓားပီး၊ ဒုတ်ပီး၊ တတောင်ပီး၊ ထိုးမဝင်ခုတ်မရှ၊ ကာယသိဒ္ဓိအပြီး ဆေးကောင်းလဲပါသည်။ ကျုပ်တို့ဆေး တံခိုးကြီး ဘုရားရှေ့တော်တွင်ပွဲနတ်ရကာအစုံခင်း၍ ထိုးရလျှင်အောင်သည်။ ကိုရင်တို့ကျောင်းမှာတံခိုးကြီးဘုရားရှိရဲ့လားဟုပြောရာ၊ သည်လိုဆိုလျှင် ကျုပ်တို့ကျောင်းမှာ မင်းကင်းမြို့ဝန်နှင့် အညင်းပွါး၍၊ အမိဌာန်ရာရေညာသို့ အလိုလိုဆန်နိုင်သော ရေဆန်ဘုရားရွှေစကားဆိုတာလဲ

ရှိတယ်၊ နယ်မှာကိုးကွယ်တဲ့ စကားလှဘုရားဆိုတာလဲ တံခိုးကြီးပါဘဲ၊ ၎င်းဘုရား ၂ ဆူရှေ့တော်မှာ ထိုးရအောင်ဟု ကိုရင်များကပြောကြရာ၊ ဒါဖြင့်မင်းကင်းရွှေစကားက ဘယ်ဘက်ကကိုယ်တော်လဲ၊ကိုရင်တို့စကားလှဘုရားက ဘယ်ဘက်ကကိုယ်တော်လဲဟုမေးရာ၊တောင်ဘက်ကကိုယ်တော်ကစကားလှ၊ မြောက်ဘက်ကကိုယ်တော်က ရွှေစကားဟုပြောကြရာ၊ ဘုရားကွဲပြားသဖြင့်၊ ကိုရင်ကျောင်းသားများ ကျေနပ်လောက်အောင်၊ အနုဆေးကို ဟင်းသပဒါးနှင့်ဖျော်၍၊အပြီးဆေးကို မှင်ကြောင်ထိုးတဲ့ မှင်နက်နှင့်ဖျော်ပြီး ပွဲပြင်၍ဘုရားရှေ့တော်မှာ ထိုးပေးကြပြီး၊ မြစ်သာချောင်းထဲ၌ လှေရှာသော်၊ ပေါက်လွတ်လေငယ်တစင်းရသဖြင့် အသာထားပြီး ညအိပ်ကြသောအခါ၊ ညဉ့်ဦးယာမ်၌ရှေးစကားရယ်စရာမောစရာ လူငယ်များအကြိုက် အိပ်ချင်အောင်ပြောပြီးသန်းခေါင်ကျသော်၊ ရွှေစကားဘုရားကို နေရပ်ဌာန မင်းကင်းနာရသို့ ကြွတော်မူပါဟု ဦး ၃-ကြိမ်ချပြီး ပင့်ဆောင်ကာ လှေငယ်ပေါ်သို့တင်၍ ညတွင်းချင်းခိုးပြေးခဲ့ကြလေ၏။

## တတိယအကြိမ် တံခိုးတော်ပြပြန်ခြင်း

ခိုးပြေးလာကြသောအခါ ကျောက်ဆောင် ကျောက်တုံးထူထပ်၍ လှိုင်းဂရက်တို့သည် အလွန်ပြင်းထန်လှသောကြောင့် လှေဘောင်ဟူသမျှကို တိုင်ချလျှင်ပြတ်ကြမြဲ ချောင်းကျဉ်းသား ၎ားမှ အပျက်လွတ်နိုင်သော အလွန်ကြောက်စရာကောင်းလှတဲ့ လှိုင်းကြက်ခွပ်တို့သည် ဖြင်းအိုး၌ တည်ထားသော ရေသဘွယ် အလွန်ငြိမ်သက်စွာနှင့် လှော်ခတ်လာကြရာ၊ မြစ်ပြင်သို့ ချောမောစွာ ရောက်ရှိကြလေ၏။

နံက်လင်းသဖြင့် ကိုရင်၊ကျောင်းသားများနှိုး၍ ရွှေစကား နှင့် ထိုးခွင်းသမားများလဲမရှိ ရွှေစကားဘုရားလဲမရှိ ခိုးသွား ကြောင်းသိကြ၍ လူကြီးများပြောကြရာ၊ လူကြီးများက စော်ဘွားကြီးအား လျှောက်တင်ကြသဖြင့် လက်နက်အင်အား အပြည့်အစုံနှင့် လောင်းတပ်ခင်း၍လိုက်သော် ကျွဲသံပုရာသို့ ရောက်လုဆဲဆဲ အရပ်တွင် စော်ဘွားလှေများ မီလုမတတ်ရှိ၍ လှေတိုင်သံတို့ကို ဆူညံစွာ ကြားကြသောအခါ—

## စတုတ္ထအကြိမ် တန်ခိုးတော်ပြပြန်ခြင်း

ရှိုးရိုးအတွင်းသို့ လှေကိုထားပြီး ဘုရားကိုထမ်းချ၍ တောထဲ သို့ ပုံးလျှိုးနေကြလေသည်။ ထိုသို့ပုံးလျှိုးနေသော ရှိုးရိုးချောင် ပုန်းအောင်း၍နေကြသောအရပ်သို့စော်ဘွားလှေများရောက်ကြ သောအခါ ပြာသိုလကြီးကဲ့သို့ ဟိုဘက်ကမ်း သည်ဘက် ကမ်း မမြင်နိုင်အောင် ဆီးနှင်းမှိုင်းကြီး တိုက်၍ပေးသဖြင့် စော်ဘွားလှေ တပ်သားများလဲ ငါတို့ ကလေးနယ်လဲ ဆုံးပြီ တည်လုံးစုန်သွားသဖြင့် သူတို့ဌာနသို့ ရောက်လောက်ပြီ၊ သည့် ထက်ပိုလိုက်သော် ရန်သူနယ်တွင်းသို့ ကျသဖြင့် အတိဒုက္ခ ရောက်တော့မည်၊ ဤနေရာကပြန်ကြစို့ဟုတိုင်ပင် ညီညွတ်၍ ဤကလေးသို့ ပြန်၍ဆန်ကြလေကုန်၏။

စော်ဘွားလှေများပြန်မှ မှိုင်းလဲစဲ ဘုရားကိုလှေဝမ်းသို့ချ၍ သစ်ခက်ဖုံးပြီး တံငါလှေဟန်ဆောင်၍ စုန်ပြေးလာကြသော်၊ မင်းကင်းသို့ချောမောစွာရောက်သဖြင့် မြို့ဝန်မင်းအား ဆက်ကြ လေ၏။ မြို့ဝန်လည်း အလွန်အားရပြီး အထွေထွေ ချီးမွမ်း၍ ကြေငြာရင်းအတိုင်း ဆုလာဘ်သနားခြင်း၊ မင်း တိုင်းခန်း



မင်းကင်း (၃) မြို့ ဂိုဏ်းချုပ် ဆရာတော် ဦးသီဟ သဒ္ဓမ္မရံသီ
သီတင်းသုံးသော ကျောင်းတိုက်အတွင်းရှိ ဂန္ဓကုဋိ
သုံးဆောင်တွဲ ပြသာဒ်။

လွှတ်ခြင်း၊ မြေသီးခြားပေးခြင်း များစွာ ချီးမြှောက်၍ ထား လေ၏။

မြို့ဝန်မင်းလည်း ၎င်းဘုရားကိုရသဖြင့် ကြက်သီးတဖြန်းဖြန်း ပီတိတွေလျှမ်းပြီး အားရဝမ်းသာနှင့် ဘုရားတည်ရာကို အောက်မေ့လတ်သော်၊ ယခင်တည်ရှိတောင်တော် စေတီတွင်းပြန်ထား ပြန်က လူနှင့်လဲဝေး ဘုန်းတော်ကြီးကျောင်းလဲ မရှိသေး သဖြင့် ကလေးသားများ ပြန်ခိုးက ပင်ပန်းကျိုးမနပ် ဘုရား ဆုံးရှုံးရပြန်တော့မည်၊ ယခုအင်္ဂလိပ်မင်းများဖျက်၍ ရုံးဆောက် လုပ်သောရုံးကုန်း ရွှေဂူဘုရားလှိုင်တွင်းယာယီသဘော အစောင့် အရှောက် ခိုင်လုံစွာနှင့်ထားပြီး ယခုမဟာမင်းကျောင်းကြီး နေရာကွက်လပ်၌ ရှင်းလင်းခုတ်ထွင်၍ မိမိပိုင်သော မြေဖြစ်၍ မိမိ၏အမည်လဲပါအောင်မင်းကျောင်းတော်ကြီးကို ဆောက်လုပ် ကိုးကွယ်မည်ကြံ၍ မိမိပိုင်တဲ့ အော်မြို့၊ ကရားမြို့၊ ဘန်းလက်မြို့ တို့၌ အင်ကြင်း၊ သစ်ရာ၊ ကျွန်း၊ ပိတောက် စသော အကောင်း အသားကြီးတို့ကို အာဏာနှင့် ဆင့်ဆိုတောင်းယူပြီး ခြူးပန်း ခြူးနွယ် အသွယ်သွယ်တို့ဖြင့် ရုပ်စုံရုပ်လုံးတပ်၍ ဆန်းကြယ် ပေတောင်း၊ လေးထပ်ကျောင်းကြီးကို ပြသာဒ်စနုတို့ဖြင့် ဆောက်လုပ်ပြီးလျှင် ဘုန်းတော်ကြီးကို အစောင့်အရှောက် အနေနှင့် ဗုဒ္ဓပမုခပုဂ္ဂလိက သံဃာတော်ကို တင်ထားလှူဒါန်း တော်မူသည်။ ကျောင်းတည်စဉ်အခါ ယခုလို လူနေအိမ်ခြေ မရှိသေးချေ။ မြို့မနှင့် ကင်းဦးဖျား၊ နွားခြံကုန်းကသာ အိမ် အနည်းငယ်မျှသာ ရှိသေးသောဟူ၏။ ကျောင်းတင်သောအခါ မင်းကျောင်း နယ်နိမိတ် သတ်မှတ်သည်ကား ပုရပိုက် မူမှာ ရှိသောအတိုင်း အောက်ပါစာကို ထည့်သွင်းပါသည်။

သက္ကရာဇ် ၅၄၇-ခုနှစ်တွင် ရွှေစကား ရုပ်ပွားတော်ကို ကလေးမြို့မှ ပြန်ပင့်ပြီးနောက် မြို့ဝန်မင်းကလေး မင်းကျောင်း တိုက်တော်ကြီးကို ရုပ်စုံလေးထပ် မိုးသီးထိဘနန်း အဆန်း တကြယ်တခမ်းတနား ဆောက်လုပ်၍ ရွှေစကားရုပ်ပွားတော်ကို အမှူးထား၍ သံဃာတော်များကို တင်လှူသောအခါ မင်းကျောင်း နယ်ပယ် သတ်မှတ်သည်ကား အရှေ့ကိုလားသော် ပတ္တမြား စေတီတောင်ဆုံး၊ မြောက်သို့လားသော် ငင်းတောင်နှင့် ညီမျှရာ အရပ်၊ တောင်သို့လားသော် ဘုရားကြီးတည်ရာ မြေနယ်ပယ် စပ်ထိ၊ အနောက်သို့ လားသော် မင်းလယ်ကြီးထိ သတ်မှတ်ပြီး လျှင် မင်းလယ်ကြီးလည်း ဆွမ်းဘိုးအဖြစ် ရေစက်သွန်းချ လှူဒါန်းခဲ့ကြောင်း နောက်သားများသိစေရန် စာတမ်းရေးထိုး ထားခဲ့လေသတည်း။

ဤသို့ သိုက်မြိုက်စွာ ကျောင်းတင်အခမ်းအနား ကြီးကျယ် စွာ ကျင်းပ လှူဒါန်းပြီးသောအခါ သီတင်းကျွတ် လဆုတ် ၅-ရက်နေ့မှ ၈-ရက်နေ့တိုင် ၃-ရက်ကျင်းပပြီး ပွဲတော်ကြီး အခမ်းအနားဆင်နွှဲလိုပြန်လိုသဖြင့် အထက်လားသော်သရောင်း ဘောင်းပြင်၊ အောက်သို့လားသော် ကန္ဒီကနဲ ထိဆင့်ဆို၍ မြစ်ကမ်းထိပ် သာယာပြန့်ပြူးသောနေရာ၌ စံကျောင်းတော် ကြီးတခု ဆောက်လုပ်ပြီး ခရိုင်ပွဲတော်ကြီး ခမ်းနားစွာ နှစ်စဉ် ကျင်းပတော်မူ၏။ ထိုအခါ ကလေးသူ ကလေးသား တို့သည် ငါတို့မြို့ကပြန်ခိုးပင့်တဲ့ ရွှေစကားပွဲတော်တဲ့ဟု ကြားကြသဖြင့် စားအိုးစားခွက်နှင့် ကုန်းကြောင်းကတသွယ် ရေကြောင်းက တမျိုး ဘုရားဖူးအများ ရောက်လာကြစမြဲဖြစ်၏။ ထိုအခါ မြို့ဝန်က ဘုရားပြန်ခိုးမည်ကို လွန်စွာစိုးရိမ်မကင်း ရှိသဖြင့် လက်

နက်ကိုင် တပ်များ အစောင့်ထား၍ ကလေးသူ ကလေးသား များ အနားတိုးမဖူးရ၊ ဝေးဝေးကနေ၍ ဖူးကြရမည်ဟု အထူး ကြပ်မတ်၍ထားလေ၏။

ထိုသို့ထားသော်လည်း ရေဆန်တဲ့တံခိုးတော်ကို ကြည်ညိုကြ လွန်း၍ မြို့ဝန်က ဘယ်လိုပင် ချုပ်ချယ်သော်လည်း စိတ်မပျက် ကြဘဲ တနှစ်ထက်တနှစ် လူပေါင်းဆတပိုး တိုးတိုးလာသဖြင့် ကြာလျှင် လူအားနှင့်ဖိပြီး အနိုင်အထက်ယူလျှင် ဘုရားဆုံးရှုံး မည်ကို စိုးရိမ်သဖြင့် အတုဘုရားတဆူ ပြုလုပ်ပြီး ကလေးသား တို့အားကြီးလျှင် အတုကိုထုတ်၍ ပွဲလုပ်မြဲဖြစ်၏။ ထို့ကြောင့် ဘုရားနှစ်ဆူ ယခုထက်တိုင် အရှေတည်၍ ကိုးကွယ်ကြလေ သတည်း။

ထိုသို့ အစဉ်အဆက် အင်္ဂလိပ်မင်းတို့တိုင် အစိုးရအနေနှင့် အစိုးရပွဲပြုလုပ် ကျင်းပစမြဲဖြစ်၍ အင်္ဂလိပ်မင်းလက်ထက် ဘုန်း ကြီးတို့ ရဟန်းဖြစ်သည်တိုင်စစ်သားတစိုင် ရှင်ဘုရားရွှေတော်မှာ လက်နက်ထမ်း အလှည့်ကျ ငွေ တိုက် များ စောင့် သ လို အ မြဲ အစောင့်ထားခြင်းအင်္ဂလိပ်အရေးပိုင်မျက်နှာဖြူကြီးကိုယ်တိုင်မိမိ သဘောနှင့်လာ၍ ခေါင်းအုံးရိုက်ပွဲ၊ ချောတိုင်တက်ပွဲ၊ လှေပြိုင် ပွဲ၊အငြိမ့်တို့ဖြင့် အစိုးရစရိတ်နှင့် ကျင်းပပေးသည်ကို ဘုန်းကြီးတို့ မှီလိုက်သေး၏။ ပထန်ကုလားကြီးတွေ၊ ပန်ချာပီကြီးတွေဖြစ်၍ အလွန်ခန့်ငြား တ င့် တ ယ် ဘုရားရှေ့တော်ကို မည်သူတဦး တယောက်မျှ ရဟန်းတော်များကလွဲလျှင် တက်၍မဖူးဝန့်ကြချေ၊ ဖူးချင်သော်လည်း လူဆိုလျှင် မတက်ရ၊ အောက်ကသာ နေ၍ ဖူးကြရ၏။ အလွန်စည်းကမ်းကျနလှ၏။ လူမျိုးခြားမင်းပင်ဖြစ် လင့်ကစား ချီးမွမ်းဘွယ်ရာ အချက်တခုဖြစ်၏။

ရင်းနောက် အင်္ဂလိပ်ပြေး၍ လွတ်လပ်တဲ့နိုင်ငံတော်ဖြစ်လာ ကတည်းက ဘုရားမှာ စစ်စောင့်ခြင်း၊ ကုန်းပွဲ၊ ရေပွဲ အစိုးရက စိုက်ထုတ်၍ လုပ်မည်ကိုထားဘိ၊ ဘုရားမှာ လူညံ့စား အလှူခံ ပုဂ္ဂိုလ် ညတွက်ပေးငှါးသော လူမမယ်မျှရှိနေ၍ စည်းကမ်းမဲ့ တက်လိုသူတိုင်းတက် ရွှေချလိုသူတိုင်းတက်ချနေကြခြင်း၊ ပွဲခံတာ က ဘုရားနှင့် အလှန်ဝေးနေတဲ့ မြို့လယ်မှာ ပွဲခံနေကြသဖြင့် ဘုရားမှာ ညအခါမီးတောင်မှငြိမ်းတဲ့အခါငြိမ်းနေသည်ဟု ရွှေကူ ဆရာတော်ကြီး ပြောဘူးသည်၊ ရောက်ဘဲ့အခါ ဘုန်းကြီးလဲ အစောင့်အရှောက်ညံ့ဖျင်းသည်ကို အားမရ၍ ခေတ်ပျက်ပြီး ကတည်းက အတုကိုသာ ထုတ်ပေးနေသည်။ ထိုသို့နေသဖြင့် ဘုန်းကြီးက ဘုရားနှမြောတယ်၊ အစစ်မထုတ်ဘူးဟု ကဲ့ရဲ့ ပြစ်တင်မုန်းတီးနေကြသူအတော်များများ ရှိနေသည်ကို သိလျက် အဘိုးတန်ဘုရားဖြစ်နေ၍အမုန်းခံ၍ အောင့်အည်း သည်းခံနေရ ပါသည် ဟာရို့ရဲ့။

## နောက်ဆက်သမိုင်းပြီး၏။

ရွှေစကားဘုရားသမိုင်းကို မင်းကင်းမြို့ ရွှေဂူဆရာတော်ကြီး ရေးသားတဲ့သမိုင်းအရဆိုလျှင် မြေးတော်နရပတိစည်သူ၊ လှေဦး စကားရွက်ကိုထု၍ ကိုးကွယ်ကြောင်း အဆိုရှိသည်တရပ်။

ရွှေဂူမြင့် သမိုင်းအလိုကတော့ ဘိုးတော် အလောင်းစည်သူ မြေထူးမြို့ ကျုံးထဲမှာ သိကြားမင်းချထားတဲ့ စကားသားကို အလောင်းစည်သူ ကိုးကွယ်ကြောင်း အဆိုရှိသည်တရပ်ကြောင့်၊ မှန်နန်းရာဇဝင်မှာကြည့်ပြန်တဲ့အခါ အကျယ်မဆို၊ အမြွက်မျှသာ မင်းနှစ်ဆက်လုံး စကားကိုးဆူကိုးကွယ်ကြောင်းကို အဆိုရှိသည်။

## ရွှေဂူမြင့် ဘုရားသမိုင်း၌ပါသောဘုရား ၁၀-ဆူ မြို့အမည်နှင့်တည်ရာဌာန

| မြို့။ | ဘုရား။ |
|---|---|
| မြေထူးမြို့ | ရွှေဂူမြင့် |
| စေတုတ္တရာ | ရွှေလင်းပင် |
| စမွန်မြို့ | ရွှေစကားကြီး |
| စစ်ကိုင်းမြို့ | ရတနာမဥ္ဇူ |
| မုဆိုးဘိုမြို့ | ရွှေတန်းဆာ |
| မင်းကင်းမြို့ | ရွှေစကားကြီး |
| ငစဥ့်ကူးမြို့ | ရွှေတောမဲ |
| ကလေးမြို့ | စကားလှ |
| ကြံညှပ်မြို့ | ရွှေစကား |
| အမြင့်မြို့ | မံဘုရား |

### ၎င်းသမိုင်းမှပါသော စကား ၉-ပိုင်း ဘုရားရှိခိုးကို ထည့်လိုက်ပါသည်။

သြကာသ၊ သြကာသ၊ နရပတိစည်သူ၊ ဘောင်စကြာနှင့် လည်စေတော်မူ၊ ကြည်ဖြူဝတ်တွား၊ တည်ခဲ့ထားသည်၊ စကားကိုးဦး ဘဝင်လျှံကြူး၊ မြေထူးဂူဖြင့်၊ ထီးကိုးဆင့်နှင့်၊ စင်စစ်ပေါ်ထွတ်၊ စေတုတ္တရာ၊ သုံးရွာသနင်း၊ ရွှေလင်းပင်နှင့်၊ သောင်းခွင်ပေါ်ထွန်း၊ စမွန်စကား၊ ထင်ရှားဆူဝေ၊ မင်းထွေစကား ထူးခြားတန္တိုင်း၊ စစ်ကိုင်းမြို့မှာ၊ ရတနာမဥ္ဇူ၊ သုံးလူမှီခို၊ မုဆိုးဘိုမှာ၊ ရွှေတန့်ဆာတည့်၊ ကျေညာကျော်ခြင်း၊ မင်းကင်းဘုရား၊ ရွှေစကားနှင့်၊

ရပ်ခြားတထူး၊ စဥ္စကူးမှာလည်း၊ ရွှေတောင်မည်းနှင့်၊ စသည်ထင်ပေါ်၊ ကျော်သည်နီးဝေး၊ ကလေးမြို့မှ၊ စကားလှတည်းခေါ်ထတွင်သည်၊ ဤကိုးမည်က၊ ထုသည်အစ၊ ကြွင်းသမျှကို၊ ပေါင်းထလုပ်ပြန်၊ အလွန်လှတင့်၊ အမြင့်မြို့မှာ၊ ကြေညာထင်ရှား၊ မံဘုရားဟူ၊ ကျော်ကြားသုံးလူ၊ ဆယ်ဆူဘုရား၊ ရှင်စောမျှားကို၊ ကိုးစားအမှန်၊ ကြည်စိတ်သန်နှင့်၊ နိဗ္ဗာန်ပြည်ခိုင်၊ မတိုင်မီကြား၊ လေးပါးအပါယ်၊ လားဘွယ်ကပ်လေး၊ ငရဲဘေးကို၊ ညိမ်းစေလွတ်ချင်၊ ကြည်စိတ်ရှင်သည်။ ။ဆုလျှင်အရ တောင်းသတည်း.... နရပတိစည်သူ ပျို့ထွက်ဘုရားရှိခိုး။ ။အရဆောင်၍ရှိခိုးကြပါလေ။

ဤစာပြီးလစ်၊ သက္ကရာဇ်ကား၊ တစ်သုံးနှစ်နှစ်ဖြစ်သတည်း။

နက္ခတ်ပေါင်းရုံ၊ ပေါ်ထွန်းပြန်၊ ဟေမန်အစ၊ တန်ဆောင်လ၊ ဖြစ်ထအမှန်တည်း။ ။

ထိုလပြည့်ခါ၊ သေးရက်မှာ၊ စတင်ရေးစီကုန်သတည်း။

ထိုလပြည့်ကျော် ၉ ရက်ပေါ် တော်တော်စုံ၍ပြီးသတည်း။

ဤစာရေးရ၊ ကုသလကြောင့်၊ ဘဝနှောင်ခါ၊ ကမ္ဘာဘာဥ္၊ ပညာထူးချွန်၊ လူမွန်လူမြတ်၊ အထပ်ထပ်ဖြစ်၊ စင်စစ်အမှန်၊ သဗ္ဗညာဏ်ကို၊ ကေန်ရစေ၊ ဆုပန်ချွေသည်၊ အမြန်ပြေ့မြောက်ပါစေသတည်း။ ။

ဝေဏေအများ၊ ကမ္ဘာသားတို့၊ စိတ်ရောကိုယ်ပါ၊ ဘေးကင်းကွာ၊ ချမ်းသာအမြဲတည်စသော။ ။မင်းကင်းမြို့ရွှေစကားသမိုင်းအကျည်းချုပ် ဤတွင်အပြီးသတ်သတည်း။ ။